# ပြည်သူ့လွှတ်တော်ရုံး
## သုတေသနဌာန


ရက်စွဲ။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသနဝန်ဆောင်မှုလမ်းညွှန်

## အကျဉ်းချုပ်

ပြည်သူ့လွှတ်တော် သုတေသနဝန်ဆောင်မှုလုပ်ငန်းအား ပြည်သူ့လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေး ပထမမြောက်နေ့ ၂၀၁၄ ခုနှစ် မေလ ၂၈ ရက်နေ့တွင် စတင်ခဲ့ပါသည်။ ဝန်ဆောင်မှုအား နိုင်ငံတကာ စံညွှန်းဆောင်ရွက်မှုများနှင့်အညီ တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးအတွက် မူဝါဒစွဲကင်းရှင်းသော သုတေသနဝန်ဆောင်မှုများ ပေးဆောင်ပါသည်။

အဓိကပေးဆောင်သောဝန်ဆောင်မှု (၂) ခုမှာ-

**(၁) တစ်ဦးချင်းမေးခွန်း မေးမြန်းမှုဝန်ဆောင်မှု**

- ကိုယ်စားလှယ်များမှ လွှတ်တော်တာဝန်များနှင့် သက်ဆိုင်သော မည်သည့် သုတေသနမေးခွန်းကိုမဆိုမေးမြန်းနိုင်ပါသည်။
- ကိုယ်စားလှယ်များအနေဖြင့် ဖြေဆိုမှုအား လက်ခံရရှိရန် အများဆုံးအချိန် (၁) လခန့် ကြာနိုင်ပါသည်။ သို့သော် ဖြေဆိုမှုအား မေးခွန်း၏ အတိမ်အနက် အပေါ်မူတည်၍ (၁) လ ထက်စောလျင်စွာ ရရှိကောင်း ရရှိနိုင်ပါသည်။
- မေးခွန်းဖြေဆိုမှုအား မြန်ဆန်စွာလိုအပ်ပါက သုတေသနဝန်ဆောင်မှုသည် ကိုယ်စားလှယ်မှ ကန့်သတ်ထားသော အချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ပေးပါမည်။ ပြည့်စုံသောဖြေဆိုမှုအား အချိန်မီမရေးသားပေးနိုင်ပါက သုတေသနဌာနသည် သတင်းဆောင်းပါးများနှင့် လွှတ်တော်အဆိုမေးခွန်းများကဲ့သို့သော အသုံးဝင်သော သတင်းအချက်အလက်များကို ကြိုးစားရှာဖွေပေးပါမည်။

## (၂) သုတေသနစာတမ်းတိုများ

- ဥပဒေပြုရေးနှင့် ကိုယ်စားလှယ်များ စိတ်ဝင်စားသည့် အကြောင်းအရာများနှင့် စပ်လျဉ်းသောသုတေသနစာတမ်းတိုများအား ကိုယ်စားလှယ်များအားလုံးအတွက် ရေးသားထုတ်ဝေပါသည်။
- သုတေသနဝန်ဆောင်မှုများမှအစည်းအဝေးကာလတွင် တစ်ပတ်လျှင် သုတေသန စာတမ်းတိုတစ်စောင် ထုတ်ဝေရန်ရည်ရွယ်ပါသည်။
- သင့်လျော်သည့်သုတေသနစာတမ်းတိုများအား Website တွင်တင်ပြပါမည်။

ကိုယ်စားလှယ်များသည် စုံစမ်းမေးမြန်းမှုများအားပြုလုပ်ခြင်း သို့မဟုတ် သုတေသန စာတမ်းတိုများရယူခြင်းတို့အား စာဖတ်ခန်းအတွင်းရှိသော Enquiry desk တွင်ပြုလုပ်နိုင် ပါသည်။

## မာတိကာ

## လွှတ်တော်သုတေသနဝန်ဆောင်မှု


၁။ နိဒါန်း ........................................................................................... ၄

၂။ သုတေသနဝန်ဆောင်မှုလုပ်ငန်း ............................................................. ၄

(က) တစ်ဦးချင်းမေးခွန်းစုံစမ်းမေးမြန်းမှုဝန်ဆောင်မှု .................................................၄

(ခ) သုတေသနစာတမ်းတိုများ ..........................................................................၅

၃။ နိုင်ငံတကာလွှတ်တော်သုတေသနဝန်ဆောင်မှုများ၏ အတွေ့အကြုံများ ..........................၅

၄။ မူဝါဒကင်းရှင်းမှုအတွက်လိုအပ်သော အဓိကစည်းမျဉ်းများ ..........................................၈

(က) အများပြည်သူများကြည့်ရှုနိုင်သောသတင်းအချက်အလက်များ ..............................၈

(ခ) ဂရုတစိုက်ရေးသားထားသောနိဂုံးချုပ်များ ........................................................၉

(ဂ) သဟဇာတမျှတမှု ......................................................................................၉

(ဃ) ရိုးသားဖြောင့်မတ်မှု ....................................................................................၉

(င) တိုက်ရိုက်ကူးယူဖော်ပြခြင်းနှင့်ကိုးကားညွှန်းဆိုခြင်း ...........................................၉

(စ) တရားဝင်အရင်းအမြစ်များ ..........................................................................၉

(ဆ) ဂရုတစိုက်ရွေးချယ်၍အသုံးပြုထားသောအသုံးအနှုန်း ....................................... ၁၀

၅။ မကြာခဏမေးမြန်းကြသော မေးခွန်းများ ..........................................................၁၀

(က) လွှတ်တော်သုတေသနဝန်ဆောင်မှုမှ မည်ကဲ့သို့သော တောင်းဆိုမှုများအား ဝန်ဆောင်မှု မပေးပါ သလဲ ................................................................................. ၁၀

(ခ) သတိပြုရန်အချက်အား အဘယ်ကြောင့် ထည့်သွင်းရပါသနည်း ..............................၁၂

(ဂ) သင်၏သတင်းအချက်အလက်များအား မည်သည့်နေရာမှ ရရှိပါသနည်း .................၁၃

(ဃ) စာတမ်းတိုများတွင် အဘယ့်ကြောင့် နိဂုံးချုပ် အမြဲတမ်းမပါရှိပါသနည်း ..................၁၅

# လွှတ်တော်သုတေသနဝန်ဆောင်မှု

## နိဒါန်း

၁။ လွှတ်တော်ကိုယ်စားလှယ်များသည် မူဝါဒစွဲကင်းရှင်းသော လွှတ်တော်သုတေသနဝန်ဆောင်မှုအား တည်ထောင်ရန် လွှတ်တော်အစည်းအဝေးများ စတင်ကတည်းကပင် တောင်းဆိုထားကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ကျယ်ပြန့်သော အကြောင်းအရာများအပေါ် ကိုယ်စားလှယ်တစ်ဦးချင်းမေးခွန်းများဖြေဆိုပေးနိုင်၍ ဥပဒေပြုရေးနှင့်သက်ဆိုင်သောစာတမ်းတိုများရေးသားပေးသော ဝန်ဆောင်မှု တစ်ခု လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

၂။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ ယူကေအောက်လွှတ်တော် သုတေသနဝန်ဆောင်မှုမှ သုတေသနမန်နေဂျာတစ်ဦးသည် သုတေသနဌာနအတွက် လေ့ကျင့်သင်ကြားရေးများနှင့် အကူအညီအထောက်အပံ့များ ပေးဆောင်ခဲ့ပါသည်။ သုတေသနဌာနမှ ဝန်ထမ်းများအား အပြင်းအထန်လေ့ကျင့်သင်ကြားပေးပြီးနောက် လွှတ်တော်သုတေသနဝန်ဆောင်မှုအား ပြည်သူ့လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေး ပထမမြောက်နေ့ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ရက်နေ့တွင် စတင်ခဲ့ပါသည်။

## သုတေသနဝန်ဆောင်မှုလုပ်ငန်း

၃။ လွှတ်တော်သုတေသနဝန်ဆောင်မှုမှ ယခုအချိန်တွင် အဓိကဝန်ဆောင်မှု (၂) ခုပေးဆောင်လျက်ရှိပါသည်။

(က) **တစ်ဦးချင်းမေးခွန်းစုံစမ်းမေးမြန်းမှုဝန်ဆောင်မှု။** တစ်ဦးချင်းမေးခွန်းစုံစမ်းမေးမြန်းမှုများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဝန်ဆောင်မှုပေးပါသည်-

(၁) ကိုယ်စားလှယ်များမှ လွှတ်တော်တာဝန်များနှင့် သက်ဆိုင်သော မည်သည့်သုတေသနမေးခွန်းကိုမဆိုမေးမြန်းနိုင်ပြီး မည်သူမျှ မည်သည့်မေးခွန်းမေးမြန်းသည်ကို သုတေသနဝန်ထမ်းများမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိစေရန် လျှို့ဝှက်စောင့်ထိန်း ဖြေဆိုပေးသော ဝန်ဆောင်မှု ဖြစ်ပါသည်။

(၂) ကိုယ်စားလှယ်များအနေဖြင့် ဖြေဆိုမှုအား လက်ခံရရှိရန် အများဆုံး အချိန် (၁) လခန့်ကြာနိုင်ပါသည်။ သို့သော် ဖြေဆိုမှုအား မေးခွန်း၏ အတိမ်အနက်အပေါ် မူတည်၍ (၁) လထက် ဆောလျင်စွာ ရရှိကောင်း ရရှိနိုင်ပါသည်။

(၃) မေးခွန်းဖြေဆိုမှုအား မြန်ဆန်စွာလိုအပ်ပါက သုတေသနဝန်ဆောင်မှုသည် ကိုယ်စားလှယ်များ ကန့်သတ်ထားသောအချိန်အတွင်းပြီးစီးအောင်ဆောင်ရွက်ပေးပါမည်။ ပြည့်စုံသောဖြေဆိုမှုအား အချိန်မီ မရေးသားပေးနိုင်ပါက သုတေသနဌာနသည် သတင်းဆောင်းပါးများနှင့်လွှတ်တော်အဆိုမေးခွန်းများကဲ့သို့သော အသုံးဝင်သော သတင်းအချက်အလက်များကို ကြိုးစားရှာဖွေပေးပါမည်။

(ခ) **သုတေသနစာတမ်းတိုများ။** သုတေသနဌာနမှ ရေးသားပြုစုသောစာတမ်းတိုများအား အောက်ပါအတိုင်းဝန်ဆောင်မှုပေးပါသည်-

(၁) ဥပဒေပြုရေးနှင့် ကိုယ်စားလှယ်များစိတ်ဝင်စားသည့် အကြောင်းအရာများအပေါ်မူတည်သုံးသပ်၍သုတေသနစာတမ်းတိုများအား ကိုယ်စားလှယ်များအားလုံးအတွက် ရေးသားထုတ်ဝေပါသည်။

(၂) သုတေသနဝန်ဆောင်မှုများမှ အစည်းအဝေးကာလတွင် တစ်ပတ်လျှင် သုတေသန စာတမ်းတို တစ်စောင်ထုတ်ဝေရန် ရည်ရွယ်ပါသည်။

(၃) သင့်လျော်သည့် သုတေသနစာတမ်းတိုများအား Website တွင်တင်ပြပါမည်။

၄။ ပြည်ထောင်စုလွှတ်တော်နာယက၊ ကော်မတီဥက္ကဋ္ဌများနှင့်လွှတ်တော်ကိုယ်စားလှယ်များသည်သုတေသနစာတမ်းတိုများနှင့်လျှို့ဝှက်မေးခွန်းဖြေဆိုမှုများ၏ဖွဲ့စည်းရေးသားပုံနှင့် ၎င်းတို့တွင်ပါဝင်သော အကြောင်းအရာများကို ကြိုဆိုလက်ခံကြပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ပထမ (၃) လအတွင်း သုတေသနစာတမ်းတိုအစောင် (၂၀၀၀) ကျော်အား တောင်းဆိုရယူပြီး ဖြစ်ပါသည်။ သုတေသနဝန်ဆောင်မှု၏ ရလာဒ်အနေဖြင့် ကိုယ်စားလှယ်များသည် ၎င်းတို့၏ လွှတ်တော်တာဝန်ရပ်များကိုပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်သည်ဟုပြောကြားခဲ့ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုမှ စာတမ်းတိုများအား ဖြစ်နိုင်သမျှများများထုတ်ဝေရန် တောင်းဆိုခြင်းခံရပါသည်။

## နိုင်ငံတကာလွှတ်တော်သုတေသနဝန်ဆောင်မှုများ၏ အတွေ့အကြုံများ

၅။ ကိုယ်စားလှယ်များမှအစိုးရအားစောင့်ကြည့်လေ့လာခြင်းကဲ့သို့သော၎င်းတို့၏ တာဝန်များကိုထမ်းဆောင်ရာတွင် သတင်းအချက်အလက်များ ရရှိရန်လိုအပ်ပါသည်။ ဥပဒေပြုမဏ္ဍိုင်များတွင် နိုင်ငံတော်အစိုးရစာရွက်စာတမ်းများနှင့် သတင်းစာဆောင်းပါးများကဲ့သို့သော သတင်းအချက်အလက်များကို လွှတ်တော်စာကြည့်တိုက်များတွင် ရရှိနိုင်ပါသည်။ သို့သော် ကိုယ်စားလှယ်များတွင် သတင်းအချက်အလက်များရှိပင်သော်ငြား ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ

လုပ်ကိုင်ရန် အခက်အခဲရှိနိုင်ပါသည်။ ဥပဒေပြုရေးသည် ပိုမိုရှုပ်ထွေးကာ ရှည်လျားသဖြင့် ကိုယ်စားလှယ်များသည် ဥပဒေပြုအကြောင်းအရာအား ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိနားလည်ပြီး ဥပဒေပြုရေးအား ထိရောက်စွာ အသေးစိတ်စစ်ဆေးမှုတွင်ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဤသည်မှာ လွှတ်တော် သုတေသနဝန်ဆောင်မှုမှ ကူညီပေးနိုင်သော အခန်းကဏ္ဍဖြစ်ပါသည်။

၆။ လွှတ်တော်သုတေသနဝန်ဆောင်မှုအား တည်ထောင်ရခြင်းမှာ ကိုယ်စားလှယ်များအား သတင်းအချက်အလက်များပေးရန်အတွက်သာမက ထိုသတင်းအချက်အလက်များအား နားလည်မှုလွယ်ကူစေရန်နှင့် အသုံးပြုမှုလွယ်စေရန် စာတမ်းတိုများရေးသားပေးရန်လည်း ဖြစ်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုမှ စာတမ်းတိုများသည် ကိုယ်စားလှယ်များမှ အထောက်အထားများနှင့် ဆွေးနွေးချက်များအား ပိုမိုလွယ်ကူစွာသိရှိနိုင်စေရန်နှင့် ထိုအကြောင်းအရာများနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်သင့်သည်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်စေရန် အကူအညီပေးပါသည်။

၇။ လွှတ်တော်သုတေသနဝန်ဆောင်မှုမှ စာတမ်းတိုများသည် ပညာရေးဆိုင်ရာစာတမ်းများနှင့် တူညီသောအချက်များစွာရှိသော်လည်း ၎င်းတို့သည် ပညာရေးဆောင်းပါးများမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထုံးတမ်းစဉ်လာပညာရေးသုတေသနပုံစံချဉ်းကပ်မှုသည် လွှတ်တော်ဆိုင်ရာပတ်ဝန်းကျင်တွင်အား နည်းချက်များ ရှိနိုင်ပါသည်။ ဥပမာ - ပညာရေးသုတေသနစာတမ်းများအား ရေးသားရန်မှာ လပေါင်းများစွာကြာမြင့်ပြီး ကိုယ်စားလှယ်များအနေဖြင့် သတင်းအချက်အလက်များအား နာရီပိုင်းသို့မဟုတ် ရက်ပိုင်း အတွင်းလိုအပ်ကြသည်မှာများပြားပါသည်။ ပညာရေးသုတေသနစာတမ်းများမှာ အများအားဖြင့် ကျွမ်းကျင်ပညာရှင်များ ဖတ်ရှုရန် ရေးသားထားခြင်းဖြစ်၍ ပညာရှင်မဟုတ်သော ပုဂ္ဂိုလ်များအတွက် လျင်မြန်စွာနားလည်ပြီး ထိုအချက်အလက်များအား အသုံးပြုရန်မှာ ခက်ခဲနိုင်ပါသည်။ လွှတ်တော်သုတေသန ဝန်ဆောင်မှုစာတမ်းတိုများသည် လွှတ်တော်ကိုယ်စားလှယ်များအား တိုက်ရိုက်အထောက်အကူပြုရန် ရေးသားထားခြင်းဖြစ်သည့်အတွက် ပညာရေးသုတေသနစာတမ်းများနှင့် ကွဲပြားခြားနားပါသည်။ ထို စာတမ်းတိုများသည် ကိုယ်စားလှယ်များ ရင်ဆိုင်နေရသော အောက်ပါပြဿနာ (၅)ခုအား ဖြေရှင်းပေးပါသည်-

| စဉ် | ပြဿနာ | အဖြေ |
|---|---|---|
| (က) | အကြောင်းအရာသည်ရှုပ်ထွေးပြီးပညာရပ်ဆန်သည်။ ထို့ပြင် ကိုယ်စားလှယ်တွင် ထိုဘာသာရပ်နှင့်ပတ်သက်၍ ယခင်က | စာတမ်းတိုများတွင် ရှင်းလင်းသောအသုံးအနှုန်းများသုံးထားပြီး ပညာရပ်ဆန်သောအကြောင်းအရာများကိုလွယ်ကူအောင်ရှင်းပြထားပါသည်။ |

| | | |
|---|---|---|
| | သင်ယူခဲ့ခြင်းမရှိပါ။ | |
| (ခ) | များပြားလှသော သတင်းအချက်အလက်များအားရရှိထားသော်လည်း ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးနှင့်အခြားသောလုပ်ငန်းတာဝန်များကြောင့် အချိန်မရ၍ မဖတ်ရှုနိုင်ပါ။ | စာတမ်းတိုများသည် အဓိကအရေးကြီးသောကိစ္စရပ်များကို နားလည်ရလွယ်၍ ဖတ်ရှုရန်လွယ်ကူသည့် ပုံစံဖြင့် အတိုချုံး၍ ဖော်ပြထားပါသည်။ |
| (ဂ) | ကိုယ်စားလှယ်အနေဖြင့် အကြောင်းအရာမှာ အငြင်းအခုံများ၍သော်လည်းကောင်း၊ နိုင်ငံရေးအရခက်ခဲ၍သော်လည်းကောင်း၊ မိမိကိုယ်တိုင် သတင်းအချက်အလက်ရှာဖွေနိုင်ခြင်းမရှိပါ။ | ကိုယ်စားလှယ်သည်တစ်ဦးချင်းမေးခွန်းမေးမြန်းမှုများတောင်းဆိုနိုင်ပါသည်။မည်သည့်ကိုယ်စားလှယ်မှ မည်သည့်မေးခွန်းမေးမြန်းသည်ကို သုတေသနဝန်ထမ်းများမှအပ အခြား မည်သည့်ပုဂ္ဂိုလ်မှ မသိစေဘဲ သတင်းအချက်အလက်များအား သုတေသနဝန်ထမ်းများမှ ရှာဖွေပေးနိုင်ပါသည်။ |
| (ဃ) | ရရှိနိုင်သော သတင်း အချက်အလက်များသည် ဘက်လိုက်မှုရှိခြင်း၊ တိကျမှုမရှိခြင်းများ ဖြစ်နိုင်ပါသည်။ | စာတမ်းတိုများသည် ရရှိသောအချက်အလက်များအပေါ် မူဝါဒစွဲကင်းရှင်းစွာ စိစစ်ရွေးချယ်ရယူထားသည့်အတွက် မတူညီသောနိုင်ငံရေးအမြင်များကို ထင်ဟပ်စေပါသည်။ သုတေသနဝန်ထမ်းများသည် တရားဝင်သော အရင်းအမြစ်များကို အသုံးပြုကြပါသည်။ |
| (င) | ကိုယ်စားလှယ်သိလိုသော အကြောင်းအရာနှင့်စပ်လျဉ်း၍ လိုအပ်သောအချက်များမရှိဘဲမလိုအပ်သော သတင်းအချက်အလက်များ ရှိနေသည်။ | သုတေသနဝန်ထမ်းများသည် သတင်းအချက်အလက်ရှာဖွေရာတွင်ကျွမ်းကျင်သူများဖြစ်သည်။ ကနဦးတောင်းဆိုသော စာတမ်းတိုအား အချက်အလက်များမရှိမှုကြောင့် ရေးသားပေးနိုင်ခြင်းမရှိသော်ငြားအသုံးဝင်မည့်စာတမ်းတိုတစ်စောင်ရေးသားပေးနိုင်ပါသည်။ သတင်းအချက်အလက်ပိုင်ဆိုင်သူများ (နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကော်မတီများ၊ စီးပွားရေးလုပ်ငန်းများ၊ NGO များစသည်)နှင့် ရရှိနိုင်သည့် သတင်းအချက်အလက်များကို လျင်မြန်စွာ ရှာဖွေနိုင်ပါသည်။ |

၈။ လွှတ်တော်သုတေသနဝန်ဆောင်မှုမှ စာတမ်းတိုများသည် ကိုယ်စားလှယ်များမှ နိုင်ငံတော် အစိုးရအား အသေးစိတ်လေ့လာစစ်ဆေးခြင်း၊ မိန့်ခွန်းများပြောကြားခြင်း၊ မိမိတို့၏ မဲဆန္ဒနယ် များကို အထောက်အကူပြုခြင်းနှင့် အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ရာ၌မည်သည့်မဲပေးရမည်ကို ဆုံးဖြတ်ခြင်းတို့တွင် အကူအညီပေးပါသည်။ ထို့ကြောင့် လွှတ်တော်သုတေသနဝန်ဆောင်မှုသည် လွှတ်တော်တွင် အထူးအရေးပါ၍ ထိခိုက်လွယ်သော အခန်းကဏ္ဍတွင် တည်ရှိနေပါသည်။

## မူဝါဒကင်းရှင်းမှုအတွက်လိုအပ်သော အဓိကစည်းမျဉ်းများ

၉။ လွှတ်တော်သုတေသနဝန်ဆောင်မှုအား ကိုယ်စားလှယ်အားလုံးမှ ယုံကြည်မှုရှိစေရန် ၎င်း သည် နိုင်ငံရေးမူဝါဒစွဲကင်းရှင်းရမည်။ ကိုယ်စားလှယ်များ၏ ဝေဖန်ရှုံ့ချခြင်းမခံရစေရန်အတွက် လွှတ်တော်သုတေသနစာတမ်းတိုများကို မူဝါဒစွဲကင်းရှင်းစွာ ရေးသားရန်မှာ စိန်ခေါ်မှုအခက်အခဲ များရှိသော်လည်း ယင်းမှာ မရှိမဖြစ်လိုအပ်သောအချက် ဖြစ်ပါသည်။ ထိုအရာသည် သုတေသန ဝန်ထမ်းများအားလုံး သင်ယူရသော လွှတ်တော်ဆိုင်ရာကျွမ်းကျင်မှု တစ်ခုဖြစ်ပါသည်။

၁၀။ အချိုးကျကိုယ်စားပြုစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး သို့မဟုတ် မျိုးစောင့် ဥပဒေများကဲ့သို့သော အရေးကြီးသည့် ငြင်းခုံမှုများသော ခေါင်းစဉ်များအတွက် လွှတ်တော် သုတေသနဝန်ဆောင်မှုမှ ကိုယ်စားလှယ်များအတွက် စာတမ်းတိုများအား ယုံကြည်မှုရှိရှိ ရေးသား နိုင်ရန်အတွက် မူဝါဒကင်းရှင်းစွာရေးသားနိုင်မှုသည် မရှိမဖြစ်အရေးကြီးပါသည်။ သုတေသန ဝန်ထမ်းများသည် အောက်ပါအချက်များကို အသုံးပြု၍ မူဝါဒစွဲကင်းရှင်းစွာ ရေးသားနိုင်ပါသည်-

(က) **အများပြည်သူများကြည့်ရှုနိုင်သောသတင်းအချက်အလက်များ။** သုတေသနလုပ်ငန်း များအားလုံးသည် အများပြည်သူကြည့်ရှုနိုင်သော သတင်းအချက်အလက်များအား အခြေခံ၍ ရေးသားထားခြင်းဖြစ်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် ကွင်းဆင်းမေးမြန်းမှုများပြုလုပ်ခြင်း သို့မဟုတ် ပညာရပ်ဆိုင်ရာ မူရင်း သုတေသန လုပ်ငန်းဆောင်ရွက်ခြင်းများ မပြုလုပ်ပါ။ လျှို့ဝှက်သတင်းအချက်အလက်များအား မသုံးပါ။ သတင်းအချက်အလက်များအားလုံးသည် တိကျသော အရင်းအမြစ်များ ရှင်းလင်းစွာ ကိုးကားရေးသားပါသည်။ ထိုသို့ကိုးကားခြင်းအားဖြင့် လွှတ်တော် သုတေသနဝန်ဆောင်မှုသည် နိုင်ငံရေးအမြင်လွှမ်းမိုးမှုများ ပြုလုပ်နေသည်ဟု ထင်မြင်ခံရခြင်းအား လျှော့ချနိုင်ပါသည်။

(ခ) **ဂရုတစိုက်ရေးသားထားသောနိဂုံးချုပ်များ။** သိသာထင်ရှား၍ အရေးကြီးသော အထောက်အထားများရှိမှသာ နိဂုံးချုပ်ရေးသားပါသည်။ အထူးသဖြင့် ကွဲပြားသည့် အမြင်များပြားပြီး အများစုကစိတ်ဝင်စားသော ခေါင်းစဉ်များအတွက် အလွန်ကောင်းသော အထောက်အထားများမရှိဘဲ နိဂုံးချုပ်မရေးပါ။ စာတမ်းတိုများသည် အထောက်အထားများအား တင်ပြ၍ ကိုယ်စားလှယ်များအား ၎င်းတို့ကိုယ်ပိုင် နိဂုံးချုပ်များ ရရှိစေပါသည်။

(ဂ) **သဟဇာတမျှတမှု။** မတူညီသော အမြင်များအား ထည့်သွင်းဖော်ပြထားသည်။ အထူးသဖြင့် ကွဲပြားသည့်အမြင်များပြားပြီး အများစုကစိတ်ဝင်စားသောအကြောင်းအရာများအပေါ်ရေးသားထားသော စာတမ်းတိုများတွင် အစိုးရနှင့် အတိုက်အခံပါတီများ၏အမြင်များကို ဖော်ပြထားပါသည်။

(ဃ) **ရိုးသားဖြောင့်မတ်မှု။** စာတမ်းတို၏ မပြည့်စုံမှုများကို ရှင်းလင်းစွာ ဖော်ပြပါသည်။ စာတမ်းတိုသည် အချိန်တိုအတွင်း ရေးသားထားခြင်း သို့မဟုတ် အများပြည်သူများ ကြည့်ရှုနိုင်သော သတင်းအချက်အလက်များ မရှိခြင်းကြောင့် ပြီးစီးခြင်း မရှိပါက မပြီးစီးကြောင်း စာတမ်းတွင် ရှင်းလင်းစွာ ထည့်သွင်းရေးသားပါသည်။ ထိုသို့ အသိပေးခြင်းအားဖြင့် ကိုယ်စားလှယ်အား စာတမ်းတိုသည် လုံးဝပြီးစီး မှန်ကန်သည်ဟု မထင်စေပါ။

(င) **တိုက်ရိုက်ကူးယူဖော်ပြခြင်းနှင့်ကိုးကားညွှန်းဆိုခြင်း။** တိုတောင်းသော တိုက်ရိုက်ကူးယူဖော်ပြမှုများအား မည်ကဲ့သို့ပြောဆိုထားသည်ကို ကိုယ်စားလှယ်များမှ အတိအကျသိရှိစေရန် အသုံးပြုပါသည်။ ကိုယ်စားလှယ်များမှ သတင်းအချက်အလက်များ ရရှိသော အရင်းအမြစ်များကို ကိုယ်တိုင်စစ်ဆေးကြည့်ရှုနိုင်ရန် ကိုးကားမှုများအား ထည့်သွင်းထားပါသည်။

(စ) **တရားဝင်အရင်းအမြစ်များ။** သုတေသနဝန်ထမ်းများသည် ရရှိနိုင်သောအရင်းအမြစ်များထဲမှ အကောင်းဆုံးကိုသာ အသုံးပြုခြင်းဖြင့် ၎င်းတို့၏ သတင်းအချက်အလက်များ အသုံးပြုမှုသည် မှန်ကန်ကြောင်း သက်သေပြနိုင်ပါသည်။ သုတေသနစာတမ်းများ၏ အရည်အသွေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) တရားဝင်မှု(စာရေးသူ၊ အဖွဲ့အစည်း သို့မဟုတ် ထုတ်ဝေသူ၏နောက်ခံ အကြောင်းအရာများ)

(၂) တိကျသေချာမှု (အရင်းအမြစ်သည် များသောအားဖြင့် တိကျ၍ ကောင်းမွန်စွာ ရေးသားထားသည်။ စာရွက်စာတမ်းအား ရေးသားသူနှင့် ထုတ်ဝေသည့် အဖွဲ့အစည်းအားဖော်ပြထားပြီးၿငင်းတို့အားဆက်သွယ်နိုင်သည့်အချက်အလက် အပြည့်အစုံအား ဖော်ပြထားပါသည်။)

(၃) အမှန်တိုင်းရေးသားဖော်ပြမှု(အရင်းအမြစ်များအား ကိုးကားထားပြီး သေချာမှု မရှိပါက သေချာပါသည်ဟု မပြောထားပါ။)

(၄) အချိန်နှင့်တပြေးညီရှိမှု။

(ဆ) **ဂရုတစိုက်ရွေးချယ်၍အသုံးပြုထားသောအသုံးအနှုန်း။** စာတမ်းတိုများတွင် စိတ်ခံစားမှုပါသော အသုံးအနှုန်းများ၊ ထင်မြင်ချက်များကို ဖော်ပြသော အသုံးအနှုန်းများ သို့မဟုတ် မသေချာမရေရာသော အသုံးအနှုန်းများအား ရှောင်ရှားရပါသည်။ စာတမ်းတိုများတွင် အခြားသောပုဂ္ဂိုလ်၊ အကြောင်းအရာများအား လေးစားစွာ ပြောဆို ဆက်ဆံ ရေးသားရပါသည်။ စာတမ်းတိုများတွင် မူဝါဒ သို့မဟုတ် ထုတ်ပြန်ချက်တစ်ခုအား ထောက်ခံသည့် ကောင်းမွန်သော အထောက်အထားများမရှိပါက သဘောမတူသည့် အသုံးအနှုန်းမျိုးထက် မေးခွန်း မေးမြန်းပုံ အသုံးအနှုန်းများကို အသုံးပြုပါသည်။

**မကြာခဏမေးမြန်းကြသော မေးခွန်းများ**

၁၁။ လွှတ်တော်သုတေသနဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအောက်ပါမေးခွန်းများအားမကြာခဏ မေးမြန်းခြင်းခံရပါသည်-

(က) **လွှတ်တော်သုတေသနဝန်ဆောင်မှုမှ မည်ကဲ့သို့သော တောင်းဆိုမှုများအား ဝန်ဆောင်မှု မပေးပါသလဲ။** အရင်းအမြစ်များအား လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ဆိုင်ရာတာဝန်များ ထမ်းဆောင်ရာတွင် ထောက်ပံ့ပေးနိုင်ရန်အတွက် အရေးအကြီးဆုံးသော ဝန်ဆောင်မှုများပေါ်တွင် အဓိကထားသုံးစွဲပါသည်။ ထို့ပြင် လွှတ်တော်သုတေသနဝန်ဆောင်မှုသည် ဘက်လိုက်သည်ဟု အစွပ်စွဲခံရနိုင်သော ဝန်ဆောင်မှု အမျိုးအစားများအား တောင်းဆိုလာပါက ငြင်းဆိုရပါမည်။ ဤကိစ္စရပ်များအား

ဖြေရှင်းရန် ကိုယ်စားလှယ်များအတွက် သုတေသနဝန်ဆောင်မှုမှ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့်လုပ်ငန်းများကို ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်းသည် နိုင်ငံတကာ စံညွှန်းများအရ အကောင်းဆုံးဆောင်ရွက်ချက်ဖြစ်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုမှ အောက်ပါတောင်းဆိုမှုများအား ငြင်းဆိုပါမည်-

(၁) **မိန့်ခွန်းများရေးသားပေးခြင်း။** နိုင်ငံရေးဆိုင်ရာ စာရွက်စာတမ်းများ ရေးသားခြင်းသည် ဝန်ဆောင်မှု၏ ဝါဒစွဲကင်းရှင်းမှုအား ထိခိုက်စေပါသည်။ ထို့အစား လွှတ်တော်သုတေသနဌာနသည် ကိုယ်စားလှယ်များ ၎င်းတို့၏ မိန့်ခွန်းများရေးသားရာတွင် အသုံးပြုနိုင်သော အထောက်အကူဖြစ်စေမည့် စာတမ်းတိုများ ရေးသားပေးနိုင်ပါသည်။

(၂) **ဥပဒေကြမ်းမူကြမ်းများရေးသားပေးခြင်း။** လွှတ်တော်သုတေသနဌာနတွင် ဥပဒေမူကြမ်း ရေးသားရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများမရှိပါ။ ကိုယ်စားလှယ်များမှ ၎င်းတို့ကိုယ်ပိုင် ဥပဒေကြမ်းများ ရေးဆွဲနိုင်ရန်အတွက် သုတေသနဌာနမှ ဥပဒေကြမ်းများအပေါ် စာတမ်းတို (သို့မဟုတ်) အချက်အလက်များ ရှာဖွေရေးသားပေးနိုင်ပါသည်။

(၃) **ကိုယ်စားလှယ်၏ ကိုယ်ရေးကိုယ်တာအတွက် လိုအပ်သော အချက်အလက်များ ရှာဖွေပြုစုပေးခြင်း။** အဓိကအရေးကြီးသည့် ဝန်ဆောင်မှုများပေးဆောင်နိုင်ရန်အတွက် လွှတ်တော်တာဝန် ထမ်းဆောင်မှုနှင့် လုံးဝမသက်ဆိုင်သော လုပ်ငန်းတာဝန်များအား ဆောင်ရွက်ပေးမည် မဟုတ်ပါ။ လွှတ်တော်နှင့် မသက်ဆိုင်သော၊ ဖြေဆိုမပေးသင့်သော မေးခွန်းများ၏ ဥပမာအချို့အား အောက်တွင် ဖော်ပြထားပါသည်-

(ကက) **ကျောင်းမှရေးသားခိုင်းသောစာစီစာကုံးများ။** "ကျွန်တော့်သားကငါးလုပ်ငန်းနှင့်ပတ်သက်တဲ့ စာစီစာကုံးရေးစရာရှိတယ်၊ ကျွန်တော့်ကို ထိုအကြောင်းအရာနဲ့ပတ်သက်တဲ့ စာတမ်းတစ်ခုလောက်ရေးပေးပါလား။"

(ခခ) **စာအုပ်များနှင့် ဆောင်းပါးရေးသားခြင်းများအတွက် သုတေသနဝန်ဆောင်မှုပေးခြင်း။** "ကျွန်တော် လက်သမားအတတ်ပညာရဲ့

သမိုင်းအကြောင်းစာအုပ်တစ်အုပ်ရေးသားနေပါတယ်၊ အခြားနိုင်ငံများမှ လက်သမားအတတ်ပညာနဲ့ဆိုင်တဲ့ စာတမ်းတစ်ခု ရေးသားပေးနိုင်မလား။ ”

(ဂဂ) **ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြံပေးမှု။** “ကျွန်တော်မန္တလေးမှာ ဟိုတယ်တစ်ခု ဖွင့်ချင်ပါတယ်။ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ ”

(၄) **သတင်းအချက်အလက်များရှာဖွေခြင်း။** သတင်းအချက်အလက်များရှာဖွေခြင်းဆိုင်ရာ တောင်းဆိုမှုများ (စာအုပ်များရှာဖွေခြင်း၊ သတင်းဆောင်းပါးများရှာဖွေခြင်းနှင့် လွှတ်တော်အဆိုများအား ဖြေကြားပေးမှုများရှာဖွေခြင်း)အတွက် စာဖတ်ခန်းရှိ စာကြည့်တိုက်ဝန်ထမ်းများနှင့် အစည်းအဝေးဌာနမှ ဝန်ထမ်းများအား မေးမြန်းတောင်းဆိုသင့်ပါသည်။

(၅) **ဘာသာပြန်ဆိုမှုဆောင်ရွက်ပေးခြင်း။** သုတေသနဌာနမှ ထိုဝန်ဆောင်မှုပေးရန် စွမ်းဆောင်ရည် (သို့မဟုတ်) ကျွမ်းကျင်မှုမရှိပါ။

(ခ) **သတိပြုရန်အချက်အား အဘယ်ကြောင့် ထည့်သွင်းရပါသနည်း။** သုတေသနစာတမ်းတိုများ နှင့်မေးခွန်းဖြေဆိုမှုများအားလုံးတွင် တရားဝင်သတိပြုရန်အချက်ပါဝင်ကြောင်း အောက်ပါတို့ကို လေ့လာနိုင်ပါသည်-

(၁) သတိပြုရန်အချက်မှ စာတမ်းတိုအား တရားဝင်အကြံပေးမှုအဖြစ် မမှတ်ယူသင့်ကြောင်းနှင့် ၎င်းတို့အား ကိုယ်စားလှယ်များ လွှတ်တော်ဆိုင်ရာတာဝန်များ ထမ်းဆောင်ရာတွင် အကူအညီပေးရန် ရေးသားထားခြင်းဖြစ်ကြောင်း ရှင်းလင်းတိကျစွာ သိစေပါသည်။

(၂) တရားဝင်သတိပြုရန်အချက်ထည့်သွင်းခြင်းသည် ကမ္ဘာတဝှမ်းရှိ လွှတ်တော်သုတေသနဝန်ဆောင်မှုများ၏ စံညွှန်းဆောင်ရွက်ချက်ဖြစ်ပါသည်။ စာတမ်းတိုများအား နိုင်ငံရေးအရ မူဝါဒ စွဲကင်းရှင်းမှုရှိစေရန်၊ ကိုယ်စားလှယ်များ၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အချိန်အကန့်အသတ်အတွင်း ရေးသားရခြင်းဖြစ်သည့်အတွက် တရားဝင်သတိပြုရန် အချက်အား လိုအပ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စာတမ်းတိုများအား တရားဝင်အကြံပေးမှုအဖြစ် အသုံးမပြုသင့်ပါ။

(၃) သတိပြုရန်အချက်အား လွှတ်တော်သုတေသနဝန်ထမ်းများသည် လွှတ်တော်သုတေသနလုပ်ငန်းများတွင် ကျွမ်းကျင်မှုရှိသော်လည်း ဝန်ထမ်းများသည် ၎င်းတို့ရေးသားသောအကြောင်းအရာများအားလုံးနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ ဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။ ထိုအချက်မှာ ယခုအချိန်တွင် လွှတ်တော်အတွက် အထူးသက်ဆိုင်သော အချက်ဖြစ်ပါသည်။

(၄) သုတေသီများသည် လေ့ကျင့်သင်ကြားမှုများစွာ ရရှိထားသည့်တိုင် သက်တမ်းရင့်ပါလီမန်သုတေသနဝန်ဆောင်မှုများတွင် ပါလီမန်သုတေသီများကိုပြီးပြည့်စုံစွာ လေ့ကျင့်သင်ကြားပေးရန်မှာ အချိန် (၃) နှစ် (သို့မဟုတ်) (၃) နှစ်ထက်ပိုမို ကြာမြင့်နိုင်ပါသည်။ ထို့ကြောင့် လွှတ်တော်သုတေသနဝန်ထမ်းများတွင် လိုအပ်သော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်မှာ အချိန်အတိုင်းအတာတစ်ခု ကြာမြင့်ပါလိမ့်မည်။

(ဂ) **သင်၏သတင်းအချက်အလက်များအား မည်သည့်နေရာမှ ရရှိပါသနည်း။** သုတေသနလုပ်ငန်းများအားလုံးသည် အများပြည်သူကြည့်ရှုနိုင်သော သတင်းအချက်အလက်များအား အခြေခံထားပါသည်။ သတင်းအချက်အလက် တော်တော်များများသည် အင်တာနက်၊ သတင်းစာများနှင့်စာအုပ်များမှ ရယူထားခြင်းဖြစ်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် Surveys သို့မဟုတ် မူရင်းသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းမရှိပါ။ လျှို့ဝှက်သတင်းအချက်အလက်များအား အသုံးမပြုပါ။ သတင်းအချက်အလက်များအားလုံးသည် တိကျသောအရင်းအမြစ်များအား ရှင်းလင်းစွာကိုးကားထားပါသည်။ သုတေသနဝန်ဆောင်မှုသတင်းအချက်များရရှိရန် အောက်ပါတို့ကို ဆောင်ရွက်သင့်ပါသည်-

(၁) **ဆက်သွယ်ဆောင်ရွက်သင့်သည့် အဖွဲ့အစည်းများ။** တစ်ခါတစ်ရံတွင် သတင်းအချက်အလက်များအား လွယ်ကူစွာမရရှိတတ်ပါ။ ထိုပြဿနာအား ဖြေရှင်းရန် လွှတ်တော်သုတေသနဝန်ဆောင်မှုများအားလုံးသည် အရွယ်အစားကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ၎င်းတို့အတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော သတင်းအချက်အလက်များ ရရှိစေရန်အတွက် အခြားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

မြန်မာ့လွှတ်တော် သုတေသနဝန်ဆောင်မှုဌာနသည် အောက်ပါပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများဖြင့် ဆက်ဆံရေးတည်ဆောက်ကာ လက်တွဲ ဆောင်ရွက်သင့်ပါသည်-

(ကက) ယူကေအောက်လွှတ်တော်စာကြည့်တိုက် (House of Commons Library) နှင့် ကိုးရီးယားနိုင်ငံ လွှတ်တော်သုတေသနဝန်ဆောင်မှု (National Assembly Research Service of Korea) ကဲ့သို့သော အခြားသော နိုင်ငံလွှတ်တော်များမှ စာကြည့်တိုက်များနှင့် ပါလီမန်သုတေသနဝန်ဆောင်မှုများ၊

(ခခ) လွှတ်တော်မှ လုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲရေးဌာနမှ လုပ်ဖော်ကိုင်ဖက်များ၊ အထူးသဖြင့် နိုင်ငံတကာဆက်ဆံရေးဌာန၊ မှတ်တမ်းဌာန၊ အစည်းအဝေးနှင့် ကော်မတီများမှ ဝန်ထမ်းများ၊

(ဂဂ) အစိုးရသတင်းအချက်အလက်များ ရရှိနိုင်ရန် အစိုးရဌာနများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများ (ဥပမာ- အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)

(ဃဃ) ပြည်တွင်းပြည်ပသုတေသနအဖွဲ့အစည်းများမှ ပညာရှင်များ(ဥပမာ- ရန်ကုန်တက္ကသိုလ်)

(ငင) လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးနှင့်နိုင်ငံတကာအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့အစည်း) မှဝန်ထမ်းများ၊

(၂) **သုတေသနဝန်ထမ်းများလိုက်နာရမည့်အချက်များ။** သုတေသနဝန်ဆောင်မှုသည် ၎င်းတို့၏ တရားဝင်အလုပ်တာဝန်များဆောင်ရွက်ရန်အတွက် အထက်ဖော်ပြပါအရာရှိများ၊ အဖွဲ့အစည်းများနှင့်လွတ်လပ်စွာဆက်သွယ်ခွင့်ရှိသည်။ သို့သော် ထိုဆက်သွယ်မှုများသည် နိုင်ငံရေးအရ ရှုပ်ထွေးမှု မရှိစေရန် သုတေသနဝန်ထမ်းများသည် အောက်ပါအချက်များကို လိုက်နာရပါသည်-

(ကက) ကိုယ်စားလှယ်များ၏ ခွင့်ပြုချက်မရှိဘဲ ကိုယ်စားလှယ်များ တောင်းဆိုထားသော သုတေသနလုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အခြားသူအား ပြောပိုင်ခွင့် မရှိပါ။

(ခခ) လွှတ်တော်သုတေသနဝန်ဆောင်မှုဌာန၏ စာတမ်းတိုများသည် မူဝါဒစွဲကင်းရှင်းရမည်ဖြစ်၍ အဖွဲ့အစည်းများမှ မျှဝေသော သတင်းအချက်အလက်များကို အသုံးပြုရန် စဉ်းစားမည်ဖြစ်သော်လည်း စာတမ်းတိုတွင် သေချာပေါက်သုံးစွဲမည်ဟုမပြောနိုင်ပါ။

(ဂဂ) သတင်းအချက်အလက်များအားလုံးကို မှန်ကန်သေချာသည့် အရင်းအမြစ်များဖြင့် ရှင်းလင်းတိကျစွာ ကိုးကားပါသည်။

(ဃ) **စာတမ်းတိုများတွင် အဘယ့်ကြောင့် နိဂုံးချုပ် အမြဲတမ်းမပါရှိပါသနည်း။** လွှတ်တော်သုတေသနစာတမ်းတိုများတွင် နိဂုံးချုပ်ထည့်သွင်းလေ့မရှိပါ။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် သတင်းအချက်အလက်ပေးဆောင်ခြင်းဖြင့် ကိုယ်စားလှယ်များမှ ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် နိဂုံးချုပ်မထည့်သွင်းခြင်း ဖြစ်ပါသည်။ သို့သော် များသောအားဖြင့် ကိုယ်စားလှယ်များသည် မေးခွန်းတစ်ခု သို့မဟုတ် အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ‘အဖြေ’ တစ်ခုလိုချင်ကြသည်။ ဤအချက်သည် လွှတ်တော်သုတေသနဝန်ဆောင်မှုအား အကျဉ်းအကြပ်ထဲသို့ ရောက်စေပြီး အောက်ပါ မေးခွန်းများကို ဖြစ်ပေါ်စေပါသည်-

(၁) **သုတေသနဝန်ထမ်းများသည် ကိုယ်စားလှယ်များ၏ မေးခွန်းများအား ဘက်လိုက်သည်ဟု အထင်မြင်မခံရပဲ တိုက်ရိုက်ဖြေဆိုပေးနိုင်ပါသလား။** အဖြေမှာ အတိုင်းအတာတစ်ခုအထိ ဖြေပေးနိုင်ပါသည်။ ယေဘုယျအားဖြင့် လွှတ်တော်သုတေသနဝန်ဆောင်မှုမှ သုတေသနဝန်ထမ်းများသည် အောက်ပါအကြောင်းအရာများအတွက် နိဂုံးချုပ်ရေးသားနိုင်ပါသည်-

(ကက) သက်သေအထောက်အထားများအရ မှန်ကန်သောအချက်၊

(ခခ) လေ့လာတွေ့ရှိချက်တစ်ခု၏အသုံးဝင်မှု၊

(ဂဂ) အဖြစ်အပျက်တစ်ခု၏ဖြစ်နိုင်ချေ၊

(ဃဃ) ရှင်းလင်းမှုမရှိခြင်း သို့မဟုတ် တပြေးညီတူညီမှုမရှိခြင်း၊

(ငင) အထောက်အထားများမရှိခြင်း၊

(စစ) အဆိုတင်သွင်းခြင်းတစ်ခု၏ ဖြစ်နိုင်သော ထိရောက်မှုများ၊

(၂) **နိဂုံးချုပ်ရေးသားရန် သင့် မသင့် မည်သို့ဆုံးဖြတ်သင့်ပါသနည်း။** မည်သည့် နိဂုံးချုပ်ကိုမဆိုကောင်းမွန်သောအထောက်အထားဖြင့်ရှင်းလင်းစွာကျိုးကြောင်း ဆီလျော်စွာ ရေးသားရပါသည်။ သုတေသနဝန်ထမ်းများသည် ၎င်းတို့ နိဂုံး ချုပ်ရေးသားရာတွင် အသုံးပြုထားသော သက်သေအထောက်အထားများ သည် မှားနိုင်ကြောင်း ရှင်းလင်းစွာသိရှိထားပါသည်။ သုတေသနဝန်ထမ်း များသည် နိဂုံးချုပ်အား ယုံကြည်မှုရှိစွာမရေးသားနိုင်ပါက မရေးသားပါ။ ဤအချက်သည် ငြင်းခုံမှုများသော အကြောင်းအရာများအတွက် အထူးအရေး ကြီးပါသည်။ သုတေသနဝန်ထမ်းများသည် စာတမ်းတိုများတွင် ကောင်းမွန်စွာ တင်ပြထားသည့် တိကျစွာ ရှင်းလင်းထားသော အထောက်အထားများမှ ကိုယ်စားလှယ်များအား ၎င်းတို့ကိုယ်ပိုင် နိဂုံးချုပ်ရစေပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄
၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com